# "ခေတ်သစ်ဆန်းပြီ" ပြဇာတ်လာဇာတ်ညွှန်းစကားများလေ့လာချက်

တင်မမနိုင်
ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မိတ္ထီလာတက္ကသိုလ်

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်စကားပြေကဏ္ဍတွင် ပါဝင်သော ခေတ်ပြဇာတ်ကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ပြဇာတတစ်ပုဒ်တွင် ဇာတ်ညွှန်းစကားများ၏ အရေးပါပုံကို ဖော်ထုတ်တင်ပြလိုခြင်း ဖြစ်ပါသည်။ သိန်းဖေမြင့်၏ "ခေတ်သစ်ဆန်းပြီ"ပြဇာတ်ကို အလေ့လာခံအဖြစ် သတ်မှတ်၍ ပြဇာတ်ပါဇာတ်ညွှန်းစကားများကို အခြေခံ၍ လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ဤစာတမ်း၌ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံဝနးကျင်အဖွဲ့များကို အထောက်အကူဖြစ်စေသည့် ဇာတ်ညွှန်းစကားများကို လေ့လာတွေ့ရှိရပါသည်။ ဤစာတမ်းသည် သိန်းဖေမြင့်၏ "ခေတ်သစ်ဆန်းပြီ" ပြဇာတ်မှ ဇာတ်ညွှန်းစကားများ အရေးပါပုံကို လေ့လာဖော်ထုတ် တင်ပြထားသဖြင့် ပြဇာတ်ဇာတ်ညွှန်းစကား လေ့လာလိုသူများအတွက် အထောက်အကူ ရနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

**သော့ချက်ဝေါဟာရ။** ။ပြဇာတ်၊ ဇာတ်ညွှန်းစကား၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဝန်းကျင်၊ ဖက်ဆစ်ဂျပန်

### နိဒါန်း

သိန်းဖေမြင့်၏ "ခေတ်သစ်ဆန်းပြီ" ပြဇာတ်သည် လွတ်လပ်ရေးတိုက်ပွဲဝင် ပြဇာတ်တစ်ပုဒ်ဖြစ်ပါသည်။ ၁၉၄၃–၄၄ခုနှစ် ဖက်ဆစ်ဂျပန်တို့ မြန်မာနိုင်ငံကို ရွှေရည်စိမ်လွတ်လပ်ရေးပေးပြီး ဖက်ဆစ်စနစ်ဆိုးကြီးဖြင့် အုပ်ချုပ်နေချိန်ကို အခြေခံ၍ ရေးသားထားပါသည်။ သိန်းဖေမြင့်သည် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ခေတ်အခြေအနေပုံရိပ်ကို ပြဇာတ်တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဝန်းကျင်အဖွဲ့စကောင်းများဖြင့် ရည်ရွယ်ချက်ရောက်အောင် ရေးဖွဲ့သွားခဲ့ပါသည်။ ဤစာတမ်းတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဝန်းကျင်အဖွဲ့များ သရုပ်ပေါ်စေရန် ပြဇာတ်ဆရာ၏ ဇာတ်ညွှန်းစကားများက ကူညီပံ့ပိုးလျက်ရှိသည့် အကြောင်းကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

### ၁။ ပြဇာတ်ဇာတ်ညွှန်းစကား

ပြဇာတ်စာပေတွင် ပြဇာတ်၏ ဇာတ်လမ်းဇာတ်ကွက် ပေါ်လွင်စေရန် အရေးပြဇာတ်တွင်ဖြစ်စေ၊ စင်တင်ကမည့်ပြဇာတ်တွင်ဖြစ်စေ ဇာတ်ညွှန်းစကားများကို ထည့်သွင်းရေးသား အသုံးပြုကြပါသည်။

ဒေါက်တာအောင်မြင့်ဦး၏ "ပြဇာတ်သဘောတရား၊ ပြဇာတ်အတတ်ပညာ"စာအုပ်တွင် ဇာတ်စကားအမျိုးမျိုး တွေ့ရှိနိုင်ကြောင်းကို–

> **"ဇာတ်စကားတွေကတော့–**
> **တစ်ကိုယ်တည်းပြောစကား၊ အာလုပ်စကား**
> **အချီအချစကား၊ ဆိုင်းဆင့်ပတ်တိုက်စကား**
> **ဇာတ်ညွှန်းစကားတို့ဖြစ်ပါတယ်"**
> (ဒေါက်တာအောင်မြင့်ဦး၊ ၂၀၂၀)

ဟု ဖော်ပြထားပါသည်။

ဇာတ်ညွှန်းဝေါဟာရကို မြန်မာအဘိဓာန်တွင်–

> **"န–ဇာတ်လမ်းဇာတ်ကွက်ကို သရုပ်ဖော်နိုင်စေရန် အသေးစိတ်ရေးသား ညွှန်ကြားချက်"** (မြန်မာစာအဖွဲ့၊ ၁၉၉၁)

ဟုဖွင့်ဆိုထားပါသည်။

မလိခ၏ "ပြဇာတ်အညွှန်း"စာအုပ်တွင် ဇာတ်ညွှန်းစကားနှင့်ပတ်သက်၍–

> **"ဇာတ်ဆောင်တို့ လှုပ်ရှားမှုဖြစ်စေသောဝင်စေ၊ ထွက်စေ၊ တီးလုံးတီးကွက်များကိုပါ ညွှန်းပြဟန်"** (မလိခ၊ ၂၀၀၈)

ဟု ဇာတ်ဆောင်များ၊ တီးလုံးများကို ညွှန်းဆိုသည့် ပြဇာတ်ဆရာ၏ အညွှန်းစကားဟု ဖော်ပြထားပါသည်။

ဒေါက်တာအောင်မြင့်ဦး၏ "ပြဇာတ်သဘောတရား၊ ပြဇာတ်အတတ်ပညာ"စာအုပ်တွင် ဇာတ်ညွှန်းစကားကို–

> **"ဒီဇာတ်ညွှန်း စကားတွေဟာ ပြဇာတ်ရေး ဆရာက ပြဇာတ်ကို ကပြအသုံးတော်ခံနိုင်ဖို့အတွက် ညွှန်ကြားတဲ့ အညွှန်းစကားတွေပဲ ဖြစ်ပါတယ်"** (ဒေါက်တာအောင်မြင့်ဦး၊ ၂၀၂၀)

ဟု ဖွင့်ဆိုထားပါသည်။

ဆရာဘုန်း၏ "လွတ်လပ်ရေး ကျောက်တိုင်ကို သက်သေတည် တစ်ခန်းရပ်ပြဇာတ်နှင့် အခြားပြဇာတ်များ" စာအုပ်တွင်–

**"ဇာတ်ဆောင်များ၏အမူအရာကို ပြဇာတ်တွင် ထည့်သွင်းညွှန်ကြားရသည်"** (ဆရာဘုန်း၊ ၂၀၁၀)

ဟူ၍ ဇာတ်ဆောင်များ ပြုမူလှုပ်ရှားရမည့် အမူအရာကို ပြဇာတ်ဆရာက ပြဇာတ်တွင် အညွှန်းစကားဖြင့် ညွှန်ကြားရကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် ပြဇာတ်စာပေတွင် ဇာတ်ညွှန်းစကားကို အနည်းနှင့်အများ အသုံးပြု၍ ပြဇာတ်တွင်ထည့်သွင်းရေးဖွဲ့ကြပါသည်။

## ၂။ "ခေတ်သစဆန်းပြီ"ပြဇာတ်ရည်ရွယ်ချက်

သိန်းဖေမြင့်၏ "ခေတ်သစ်ဆန်းပြီ" ပြဇာတ်သည် ဖက်ဆစ်ဂျပန်လက်အောက်သို့ မြန်မာနိုင်ငံ ရောက်ရှိနေသည့် ၁၉၄၃–၄၄ခုနှစ်ကာလကို အခြေခံ၍ ရေးသားထားပါသည်။ ထိုပြဇာတ်၏ ရည်ရွယ်ချက်မှာ မြန်မာပြည်သူပြည်သားများကို ဖက်ဆစ်ဂျပန်တို့က မတရားနှိပ်စက်ညှဉ်းပန်းခြင်း၊ မြန်မာအမျိုးသမီးများကို စော်ကားမှုများပြုခြင်း၊ ပြည်သူတို့စားဝတ်နေရေး ကြပ်တည်းလာခြင်းတို့ကြောင့် ပြည်သူတစ်ရပ်လုံးက ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ထုတ်ပြီး လွတ်လပ်သော မြန်မာနိုင်ငံဖြစ်လာစေရန် ရည်ရွယ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

## ၃။ "ခေတ်သစ်ဆန်းပြီ"ပြဇာတ်လာ ဇာတ်ညွှန်းစကားများ လေ့လာချက်

ပြဇာတ်စာပေတွင် ပြဇာတ်ဆရာ၏ ဇာတ်ညွှန်းစကားများသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံအဖွဲ့များကို ပေါ်လွင်အောင် အထောက်အကူဖြစ်စေနိုင်ပါသည်။

### ၃၊ ၁။ ဇာတ်လမ်းကိုအထောက်အကူပြုသော ဇာတ်ညွှန်းစကားများ

သိန်းဖေမြင့်၏ "ခေတ်သစ်ဆန်းပြီ"ပြဇာတ် ဇာတ်လမ်းသည် မန္တလေးမြောက်ဘက်ခရိုင် ရွာကလေးတစ်ရွာကို ဇာတ်အိမ်တည်ထားပါသည်။ ပြဇာတ်အစတွင် ဇာတ်လမ်းနှင့်ကိုက်ညီစေသည့် ပြဇာတ်ဆရာ၏ ဇာတ်ညွှန်းစကားမှာ–

**"မန္တလေးခရိုင်တစ်ခု၊ ဝါးကပ်ကာ၊ ထန်းရွက်မိုး၊ တဲအိမ်ကလေးတစ်ခုရှေ့တွင် ထန်းပလက် ကပ်ပစ်ကလေးတစ်ခု၊ ထန်းပလက်ပြားခင်း ကုလားထိုင်နှစ်လုံးနှင့်"**
(သိန်းဖေမြင့်၊ ၁၉၄၅)

ဟူ၍ဖြစ်သည်။ ဇာတ်လမ်းကို အထက်အညာဒေသ ရွာကလေးတစ်ရွာကို အခြေပြု၍ ဇာတ်လမ်းဆင် ရေးဖွဲ့ထားကြောင်း ပြဇာတ်ဆရာ၏ ဇာတ်ညွှန်းစကားဖြင့် စာဖတ်သူတို့ကို အသိပေးခဲ့သည်။

ပြဇာတ်၏ ဇာတ်လမ်းအစတွင် ဖက်ဆစ်ဂျပန်များ အုပ်စိုးစဉ် မြန်မာပြည်သူလူထု ဆင်းဆင်းရဲရဲနှင့် နေထိုင်ရသည့်အကြောင်းကို–

**"အမယ်ကြီးတစ်ယောက် ထိုင်လျက်အင်္ကျီစုတ်ကို ဖာနေသည်။ အမေကြီးကား ထဘီရင်လျားပြီး ဂုံနီအိတ်ကို ဖြတ်၍ခြုံထားသည်။"**

**"အဘိုးကြီးကား ချေးအထပ်ထပ်နှင့် လက်နီးစုပ်ကဲ့သို့ ပေကျံနေသော တင်းတိမ်စောင်ကြီးကို ချုံထားသည်"**
(သိန်းဖေမြင့်၊ ၁၉၄၅)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ဇာတ်လမ်းကိုကြို၍ အသိပေးဖော်ပြထားပါသည်။

ထန်းရွက်မိုးတဲ့အိမ်လေးရှေ့တွင် ဒေါ်စိုးမယ်၊ ဦးသြဇာနှင့် ဦးပဥ္စင်းတိလောကတို့က ဖက်ဆစ်ဂျပန်များ၏ ရက်စက်ယုတ်မာသည့် အကြောင်းများ ပြောကြားနေသည်။ ထိုအချိန်တွင် ဒေါ်စိုးမယ်သည် အိမ်ဝင်းအပြင်သို့ စိုးရိမ်တကြီး မျှော်ကြည့်နေခြင်းကို ပြဇာတ်တွင်–

**"အိမ်ဝင်းအပြင်သို့ တစ်စုံတစ်ရာကို မျှော်ကြည့်ရင်း"**
(သိန်းဖေမြင့်၊ ၁၉၄၅)

**"ဝင်းပြင်သို့ တစ်စုံတစ်ခုကို စိုးရိမ်စွာနှင့်မျှော်လင့်ကာကြည့်နေ"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူ၍ဖြစ်သည်။ ထိုဇာတ်ညွှန်းစကားသည်ရှေ့ဇာတ်ကွက်တွင် မည်သို့ဖြစ်လာမည်နည်းဟူသော ပရိသတ်၏ သိချင်စိတ်ကို နှိုးဆွပေးနိုင်သဖြင့် ဇာတ်လမ်းကို အထောက်အကူပြုစေသည်ဟု ဆိုရပါမည်။

ဒေါ်စိုးမယ်၏ သားလတ်ဖိုးရှင်းမြို့မှပြန်ရောက်နေကြောင်း ဖက်ဆစ်ဂျပန်တို့ သိရှိသွားခဲ့သည်။ ထိုအချိန်တွင် ဦးသြဇာ၊ ဒေါ်စိုးမယ်၊ ဖိုးရှင်းနှင့် သားကြီးဦးပဥ္စင်းဦးတိလောကတို့ တဲအိမ်ရှေ့တွင် စကားပြောနေခိုက် ဘုန်းကြီးကျောင်းသားလေး စိန်ပန်းက–

**"ထိုအတောအတွင်း အိမ်ဝင်းပြင်မှ ဦးပဥ္စင်းဘုရား . . ဦးပဥ္စင်းဘုရားဟု သူငယ်ကလေးတစ်ယောက် အော်ခေါ်သံပေါ်လာ"** (သိန်းဖေမြင့်၊ ၁၉၄၅)

> **"အသက်၁၂နှစ် ခန့်မျှရှိသော ကတုံးနှင့်သူငယ်ကလေး တစ်ယောက်ပြေး၍ ဝင်လာစေ၊ သူ့တွင်အင်္ကျီမပါ"**
> (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ရေးသားထားသည်။

ဖက်ဆစ်ဂျပန်တို့ မြန်မာနိုင်ငံကို ဖက်ဆစ်စနစ်ဆိုးနှင့်အုပ်ချုပ်နေချိန်ဖြစ်သည်။ ဇာတ်လမ်းအခြေပြုရာ မန္တလေးမြောက်ဖက်ခရိုင်ရွာကလေးတစ်ရွာရှိ ဦးသြဇာနှင့်ဒေါ်စိုးမယ်တို့ တဲအိမ်ရှေ့၌ မြို့မှပြန်လာသည့် ဖက်ဆစ်ဆန့်ကျင်ရေးသမားဖြစ်သည့် သားအလတ် ဖးရှင်း၊ သားအကြီးဦးပဥ္စင်းတိလောကနှင့်သမီးတင်မေတို့စကား ပြောနေစဉ်–

> **"သူငယ်လေးတစ်ယောက်ပြေး၍ ဝင်လာစေ၊ သူသည် မောကြီးပန်းကြီးနှင့် တစ်လမ်းလုံး ပြေးလာခဲ့ရသော လက္ခဏာရှိသည်။ ခပ်မြန်မြန် ဦးပဥ္စင်းအနား ပြေးထိုင်ပြီး"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူသော ဇာတ်ညွှန်းစကားကို ပြဇာတ်ဆရာက ရေးသားထားသည်။ ထိုဇာတ်ညွှန်းစကားသည် ဂျပန်များက ဖးရှင်းတို့ကို ဖမ်းမည့်အကြောင်း ဘုန်းကြီးကျောင်းသားလေးကလာ၍ ပြောကြားခြင်းလား၊ ဖိုးရှင်းတို့ ဂျပန်များလက်မှ လွတ်မြောက်နိုင်မည့်လားဟူသော ရှေ့ဖြစ်လာမည့်ဇာတ်လမ်းအတွက် ပရိသတ်၏ သိလိုစိတ်ကို မချင့်မရဲဖြစ်လာစေပါသည်။

ဂျပန်စစ်ဗိုလ်သည် ဖိုးရှင်းတို့ လူစုသွားရာဖက်သို့ ဂျပန်စစ်သားကို သေနတ်နှင့် ပစ်ခိုင်းသည်။ ဒေါ်စိုးမယ်က ထိုဂျပန်စစ်သားကို ထင်းစနှင့်ပစ်လိုက်ရာ ကျည်ဆံလွဲသွားခဲ့သည်။ ဂျပန်စစ်ဗိုလ်က ဒေါသဖြစ်ကာ သေနတ်နှင့်ပစ်ရာ ဒေါ်စိုးမယ် လဲကျသွားခဲ့သည်။ ဂျပန်တို့၏ သေနတ်သံနှင့်အတူ မျိုးချစ်တော်လှန်ရေးသမားများက ပြန်လည်တိုက်ခိုက်ပုံကို–

> **"အမေကြီးခွေကျသွား။ ဤသို့ဖြင့် ဖက်ဆစ်ဂျပန်တို့ သေနတ်သံကို ကြားနေရပြီး ထိုသေနတ်သံကို တုန့်ပြန်အပ်သော မျိုးချစ်တို့၏ သေနတ်သံကိုလည်း ကြားရမည်မှာ မလွဲပါ။"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ဇာတ်သိမ်းပိုင်းကို အကျဉ်းချုံး၍ ဖော်ပြထားသည်။ ထိုဇာတ်ညွှန်းစကားသည် ဖက်ဆစ်ဂျပန်တို့ကို အမယ်အိုကြီးသည် မိသားစုအတွက် အသက်ကိုပဓာနမထားဘဲ ကာကွယ်တိုက်ခိုက်သွားပုံ၊ ဖက်ဆစ်ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်ပုံ၊ မြန်မာမျိုးချစ်တပ်သားများက ပြန်လည်ခုခံ တော်လှန်ကြပုံများဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန်တိုက်ခိုက်ရန်ဟူသော ပြဇာတ်ရည်ရွယ်ချက်ကို ပေါ်လွင်စေသည့် ဇာတ်လမ်းအထောက်အကူပြု ဇာတ်ညွှန်းစကားများဟု ဆိုနိုင်ပါသည်။

ထိုသို့ရှေ့ဖြစ်မည့် ဇာတ်ကြောင်းကို ဇာတ်ညွှန်းစကားများတွင် ထည့်သွင်းဖော်ပြ ထားခြင်းကြောင့် ပရိသတ်သည် အချီအချပြောစကားများကို သာမက ဇာတ်ညွှန်းစကားများကို စိတ်ဝင်တစား ဖြစ်လာရသည်။ ဇာတ်ညွှန်း စကားများဖြင့်လည်း ဇာတ်လမ်းကို ချိတ်ဆက်၍ ရှေ့သို့ဆက်လက် ရွေ့လျားစေနိုင်ပါသည်။

## ၃၊ ၂။ ဇာတ်ဆောင်ကိုအထောက်အကူပြုသော ဇာတ်ညွှန်းစကားများ

ဝတ္ထု၊ ကဗျာ၊ ပြဇာတ်ဟူသော ရသစာကို ရေးသားသူတို့သည် မိမိတို့ တွေ့ကြုံခဲ့ရသည့် ဘဝအတွေ့အကြုံများမှ လူ့သဘာဝအဖွဲ့များကို စာပေပုံသဏ္ဌာန် အသီးသီး၌ ပုံဖော်ရေးသား လာခဲ့ကြသည်။ ထိုသို့ရေးဖွဲ့ရာတွင် ဇာတ်လမ်းအရ ဇာတ်ဆောင်တို့၏ ကံသုံးပါးအမူအရာများကို ပေါ်လွင်အောင် တင်ပြကြပါသည်။ ထိုသို့တင်ပြရာတွင် ပြဇာတ်စာပေ၌ ဇာတ်ညွှန်းစကားများဖြင့် တစ်ခါတစ်ရံ ပုံဖော်ရေးသားလေ့ရှိပါသည်။

သိန်းဖေမြင့်၏ "ခေတ်သစ်ဆန်းပြီ"ပြဇာတ်အစတွင် အဓိက ဇာတ်ဆောင်ဒေါ်စိုးမယ်၊ အရန်ဇာတ်ဆောင်များဖြစ်သော ဦးသြဇာ၊ ဦးပဥ္စင်းဦးတိလောက၊ မတင်မေတို့နှင့် မိတ်ဆက်ပေးသည်။ ထန်းရွက်မိုးတဲအိမ်ရှေ့တွင် ဦးသြဇာ၊ သားကြီးဦးပဥ္စင်းဦးတိလောကနှင့် ဒေါ်စိုးမယ်သည် အင်္ကျီစုတ်ကိုချုပ်လျက် စကားပြောနေကြသည်။ ဒေါ်စိုးမယ်သည် အင်္ကျီစုတ်ကိုချုပ်ရင်း မကြာခဏ ခြံဝင်းအပြင်သို့ မျှော်ကြည့်နေသည်။ ထိုအချိန်တွင် အသက်၂၀အရွယ် မိန်းကလေးတစ်ဦးသည် ဆံပင်ဖားလျားကြလျက်၊ အဝတ်အစားများ ဖရိုဖရဲနှင့် ခြံဝင်းအတွင်း ပြေးဝင်လာ၍ ဒေါ်စိုးမယ်သည်–

> **"ကွပ်ပျစ်မှအပြေးအမြန်ထ၊ သမီးဆီသို့ ခပ်သုတ်သုတ်လိုက်ရင်း ဒေါ်စိုးမယ်၏ မေးသံ၊ တင်မေ၏ငိုသံ"**
> (သိန်းဖေမြင့်၊ ၁၉၄၅)

ဟုလည်းကောင်း၊ ဦးသြဇာသည်

> **"ဓားကိုချထားခဲ့ရန် သတိမရဘဲ၊ ကိုင်ရာမထ၊**
> **သွက်လက်စွာ အိမ်တွင်းသို့ဝင်သွား"**
> **"ဒေါသဖြင့် တုန်လှုပ်လျက် ခပ်သွက်သွက်ထွက်လာ"**
> (သိန်းဖေမြင်၊ ၁၉၄၅)

ဟုလည်းကောင်း၊ ဦးပဥ္စင်းဦးတိလောကသည်

> **"မျက်လုံးပြူးသွား၊ ကျက်သေသေနေ၊ လက်က လက်ဖက်ရည် ပုဂံလွတ်ကျ၊ ဖြည်းဖြည်းကုလားထိုင်ပေါ်ထိုင်ချ"**
> (သိန်းဖေမြင့်၊ ၁၉၄၅)

ဟုလည်းကောင်း၊ ထိုဇာတ်ညွှန်းစကားများသည် ပူပန်သောကရောက်နေသော၊ ဒေါသဖြစ်နေသော စိတ်မတည်မငြိမ်ဖြစ်နေသော၊ ဝမ်းနည်းစွာ ငိုကြွေးနေသော

ဇာတ်ဆောင်တစ်ဦးစီ၏ စိတ်ခံစားမှု အမူအရာများကို ရုပ်လုံးကြွ ပေါ်လွင်လာစေပါသည်။

ဒေါ်စိုးမယ်သည် သမီးတင်မေကို ဂျပန်စစ်သားများ စော်ကားခဲ့ကြောင်း သိရှိပြီး ဒေါသဖြစ်ခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်းတို့ကြောင့် ဂျပန်တို့ကို မကြောက်မရွံ့နိုင်ဘဲ ဂျပန်စစ်စခန်းသို့ သွားရောက်ခဲ့သည်။ ဒေါ်စိုးမယ်သည် ဂျပန်အစောင့် စစ်သားကိုတွေ့လျှင်တွေ့ချင်း အရိုအသေပြုခဲ့သည်။ ထိုဂျပန်စစ်သားက ရိုင်းရိုင်းစိုင်းစိုင်းပြောဆိုပြုမူကာ ဒေါ်စိုးမယ်ကို မောင်းထုတ်ခဲ့ရာ ပြဇာတ်တွင်–

> **"မိမိကိုယ်ကိုပို၍ ယဉ်ကျေးဖွယ်ရာဖြစ်အောင် ခါးကုန း၍ အရိုအသေပြု"** (သိန်းဖေမြင့်၊ ၁၉၄၅)
>
> **"မျက်နှာတွင် ခဏမျှထင်လာသော ပြုံးမှုသည် ချက်ခြင်းပျောက်ကင်းပြီး"** (သိန်းဖေမြင့်၊ ၁၉၄၅)
>
> **"ချုပ်တည်းထားသမျှ ဒေါသတို့သည် အုံကြွ၍ ထကြွလာပြီးလျှင် သူ၏တစ်ကိုယ်လုံးကို ဝင်ပူးလေရာ၊ မျက်လုံးများကား ကျယ်လာသည်။ နှုတ်ခမ်းများကား တုန်လာသည်။ လက်များကားရွလာသည်။ အရိုအသေပြုရန် ညွှတ်ထားသော ခါးသည်လည်း စန့်တန်းလာခဲ့သည်။ သို့ကြောင့် ကျယ်လောင်စွာ"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ဖော်ပြထားသည်။ အဓိကဇာတ်ဆောင်ဒေါ်စိုးမယ်သည် ဒေါသစိတ်ကို ချုပ်တည်းပြီး ယဉ်ကျေးသည့် အမူအရာများဖြင့် ဆက်ဆံခဲ့သော်လည်း ထိုဂျပန်စစ်သား၏ အပြုအမူ အပြောအဆိုများကြောင့် မခံမရပ်နိုင်ဖြစ်ကော ဒေါသများ ပေါက်ကွဲလာပြီး အော်ဟစ်ပြောဆိုခဲ့သည်။ ဤသို့ဒေါ်စိုးမယ်၏ စိတ်ခံစားမှုကြောင့် ဖြစ်ပေါ်လာသော အမူအရာ ပြောင်းလဲလာပုံ အဆင့်ဆင့်ကို ပရိသတ်၏စိတ်မျက်စိ စိတ်နားတွင် အသေးစိတ်မြင်ယောင် ကြားယောင်လာအောင် ရေးဖွဲ့ထားခြင်းကြောင့် ထိုဇာတ်ညွှန်းစကားသည် ဇာတ်ဆောင်အထောက်အကူပြု ဇာတ်ညွှန်းစကားဟု ဆိုရပါမည်။

ဒေါ်စိုးမယ်သည် ဒေါသစိတ်ကြောင့် မခံမရပ်နိုင်ဖြစ်ကာ ကြောက်ရွံ့မှုမရှိဘဲ ဂျပန်စစ်စခန်းသို့ သွားခဲ့သည်။ ဒေါ်စိုးမယ်နှင့်ဂျပန်စစ်သားတို့ အော်ဟစ်သံများကြောင့် ဂျပန်စစ်ဗိုလ်အိမ်ယာက နိုးလာသည်။ ထိုစစ်ဗိုလ်က ဒေါ်စိုးမယ်ကို တွေ့ရာတွင် ဘာဖြစ်လာသလဲဟုမေးမြန်းခဲ့သည်။ ဒေါ်စိုးမယ်က ဂျပန်စစ်သားများ ကျွန်မသမီးကို စော်ကားသွားကြောင်း ပြောရာတွင် ကောင်းတယ်ဟုဆိုခဲ့သော ဖက်ဆစ်ဂျပန်စစ်ဗိုလ်၏ စာနာမှုကင်းမဲ့ပုံကို–

> **"စိတ်မပါ့တပါ ခေါင်းငြိမ့်ကာ သတင်းဖြင့် အနှောင့်အယှက်ဖြစ်ဟန်မရှိစေ မျက်နှာထားဖြင့် လက်ဝါးခါပြပြီး ရယ်ရင်း"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ဖော်ပြထားသည်။

ထို့နောက် ဖက်ဆစ်ဂျပန် စစ်သားက အသက်၅၀ ကျော်အရွယ် ဒေါ်စိုးမယ်ကို ဒုတ်နှင့်ရိုက်နှက် ဆွဲထုတ်သွားကာ နောက်ဆုံးခါးရိုးကျိုးအောင် ပြင်းထန်စွာ ရိုက်နှက်ခဲ့ကြသည်။

> **"ဒုတ်ဖြင့်ရိုက်လျက် အတင်းဆွဲ၍ တွန်းထုတ်သည်။ ဒေါ်စိုးမယ်ရုန်းကန်ရင်း ပါသွားသည်။ ပြင်းထန်စွာ တစ်ချက်ရိုက်သံ၊ ဒေါ်စိုးမယ်လဲကျသံ"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟုလည်းကောင်း ပြဇာတ်တွင် ဖက်ဆစ်ဂျပန်တို့၏ သနားညှာတာမှုကင်းမဲ့ပုံ၊ ရက်စက်ယုတ်မာပုံ အမူအရာများကို ပြဇာတ်ဆရာက ဇာတ်ညွှန်းစကားများဖြင့် သရုပ်ပေါ် ပီပြင်လာစေပါသည်။

ဖက်ဆစ်ဂျပန်တို့သည် ဦးထင်ပေါ်ကို ဖမ်းခေါ်လာပြီး မြို့မှလာသည့် ဒေါ်စိုးမယ်၏သား ဖိုးရှင်းနှင့် နိုင်ငံရေး၊ စစ်ရေးနှင့်ဂျပန်များအကြောင်း ဆွေးနွေးကြသလားဟု မေးမြန်းသည်။ ဦးထင်ပေါ်က မပြောကြောင်း ဖြေရာတွင် ဂျပန်များက ရက်စက်စွာ ရိုက်နှက်၍ မေးမြန်းကြောင်းကို ပြဇာတ်တွင်–

> **"စစ်သားတစ်ယောက် သားရေခေါင်းတပ် တုတ်ကြီးတစ်ချောင်းကို ယူလာစေ၊ ဦးထင်ပေါ် တုတ်ကိုင်လာသူကို လှည့်ကြည့်လှည့်ကြည့်နှင့် ကြောက်နေစေ"**
>
> **"စစ်သား – ဦးထင်ပေါ်ကို တုတ်ဖြင့်တအားလွဲရိုက်စေ"**
>
> **"ဂျပန်စစ်သား ဦးထင်ပေါ်ကို သုံးချက်ဆင့်ကာ ပြင်းပြင်းကြီးရိုက်စေ"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူ၍ ဖြစ်ပါသည်။ ထိုဇာတ်ညွှန်းစကားသည် မြန်မာပြည်သူလူထုအပေါ် လူမဆန်စွာ ရက်စက်ကြသည့် ဖက်ဆစ်ဂျပန်တို့၏ ရိုင်းစိုင်းယုတ်မာသည့် အမူအရာများကို ထင်ရှားပေါ်လွင်စေပါသည်။

ဖက်ဆစ်ဂျပန်တို့သည် ဒေါ်စိုးမယ်၏ သားလတ် ဖိုးရှင်းအကြောင်းသိပြီး ဖမ်းဆီးရန် အိမ်သို့လာနေကြောင်း ဦးပဥ္စင်းဦးတိလောက၏ ဘုန်းကြီးကျောင်းသားလေးက လာရောက်ပြောကြားခဲ့သည်။ ဖိုးရှင်းတို့မိသားစုသည် ဖက်ဆစ်တို့ နှိပ်စက်မှုကြောင့် ခါးရိုးကျိုးနေသည့် မိခင်ဒေါ်စိုးမယ်ကို အိမ်တွင်ထားခဲ့ပြီး ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် ရရာလက်နက်စွဲကိုင်၍ ထွက်ခွာသွားပုံကို ပြဇာတ်တွင်–

> **"ဦးသြဇာတစ်ဖက်တွင် ဓားရှည်၊ တစ်ဖက်တွင်မျှားကို ကိုင်လျက် ထွက်လာစေ၊ တင်မေခေါင်းပေါ်တွင် ထမင်းအိုးတောင်းကို ရက်လျက် လက်တွင်လှံတစ်ချောင်းကို ကိုင်ပြီး"** (သိန်းဖေမြင့်၊ ၁၉၄၅)
>
> **"ဦးသြဇာ၊ ဖိုးရှင်းအား ဓားရှည်ကိုပေးရင်း ဖိုးရှင်းဓားရှည်ကိုယူပြီးနောက်"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူသော ဇာတ်ညွှန်းစကား ဖြစ်ပါသည်။ ထိုဇာတ်ညွှန်းစကားသည် ဇာတ်ဆောင်တို့၏ ဖက်ဆစ်ဆန့်ကျင်ရေး

ပြုမူလပ်ရှားပုံများ ပေါ်လွင်စေသည့် ဇာတ်ဆောင် အထောက်အကူပြု ဇာတ်ညွှန်းစကားဟု ဆိုနိုင်ပါသည်။

ဇာတ်ဆောင်ကို အထောက်အကူပြုသော ဇာတ်ညွှန်းစကားများသည် ဇာတ်ဆောင်များကို ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ ဇာတ်ဆောင်၏ ဇာတ်ရုပ်နှင့် လိုက်ဖက်သည့် လှုပ်ရှားပြုမူပုံများ၊ စိတ်ခံစားချက် အမူအရာများဖြင့် ဇာတ်ဆောင်ကို ရုပ်လုံးကြွစေပါသည်။ ထို့ကြောင့် ဇာတ်ညွှန်းစကားများသည် အရေးပါသည်ဟု ဆိုရပါမည်။

## ၃၊ ၃။ ကာလဒေသနောက်ခံကို အထောက်အကူပြုသော ဇာတ်ညွှန်းစကားများ

သိန်းဖေမြင့်၏ "ခေတ်သစ်ဆန်းပြီ"ပြဇာတ်တွင် ကာလဒေသနောက်ခံဝန်းကျင်အဖွဲ့များကို ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ လှုပ်ရှားရာ အခြေအနေနှင့် ထင်ဟပ်စေသည့် ဇာတ်ညွှန်းစကားများ အသုံးပြု၍ ရေးဖွဲ့ထားပါသည်။ ဇာတ်လမ်းဖြစ်ပျက်ရာ ကာလဒေသ နောက်ခံဝန်းကျင်ကို ပြဇာတ်စလျှင်စခြင်းပင်–

**"အချိန်ကား ၁၉၄၃–၄၄၊ ဆောင်းတွင်း နေရာကား မန္တလေးမြောက်ဘက် ခရိုင်တစ်ခု"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ဖော်ပြထားသည်။

ပြဇာတ်တွင် အချိန်ကာလကို ၁၉၄၃–၄၄ခုနှစ်ဟု ဖော်ပြထားပါသည်။ ထိုအချိန်သည် အမှန်တကယ်ပင် မြန်မာတစ်နိုင်ငံလုံးကို ဖက်ဆစ်ဂျပန်များ အုပ်စိုးချိန်ကာလလည်းဖြစ်၍ "ခေတ်သစ်ဆန်းပြီ"ပြဇာတ်တွင် ဘုန်းကြီးကျောင်းဝင်းအတွင်း ဇရပ်တစ်ခုတွင် ဖက်ဆစ်ဂျပန်တို့ စခန်းချထားပုံကို–

**"ဘုန်းကြီးကျောင်းဝင်း တစ်ခုတွင်၊ အထပ်နိမ့်ဇရပ် တစ်ဆောင်ရှိသည်။ ဇရပ်ပေါ်တွင် ခုတင်နှစ်ခုရှိရာ ခုတင်ခြေရင်းတွင် ရှေးကဘုရားစင်ဟောင်း ဖြစ်ခဲ့သော မှန်စီရွှေချနှင့် စားပွဲခုံတစ်ခုရှိသည်။ ကုလားထိုင် နှစ်လုံးရှိသည်။ တစ်လးမှာ ဘုန်းကြီး၏ ကြိမ်ပက်လက် ကုလားထိုင်ကြီး၊ တစ်လုံးမှာ ရိုးရိုးကုလားထိုင်ဖြစ်သည်။ ဤကား ဂျပန်စစ်တပ်ကလေး၏ ဗိုလ်မှူးများ စခန်းချရာဖြစ်သည်"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူ၍ ဇာတ်ညွှန်းစကားဖြင့် ဖော်ပြထားသည်။ ထိုဇာတ်ညွှန်းစကားသည် ဇာတ်လမ်းအတွက် အသင့်ယုတ္တိရှိစေပြီး ကာလနောက်ခံ ဝန်းကျင်ကိုလည်း အထောက်အကူပြုနိုင်ပါသည်။

ဒေသနောက်ခံဝန်းကျင်အဖြစ် မန္တလေးအထက် အညာဒေသကို နောက်ခံပြုထားကြောင်း ပြဇာတ်တွင်–

**"ဝါးကပ်ကာ၊ ထန်းရွက်မိုး တဲအိမ်ကလေးတစ်ခုရှေ့တွင် ထန်းပလက် ကွပ်ပစ်ကလေးတစ်ခု၊ ထန်းပလက်ပြားခင်းကုလားထိုင်နှစ်လုံးနှင့် မီးဖိုတစ်ခုရှိသည်။ မန်ကျည်းပင်ကြီးသည် နံနက်ခင်း နေကိုကွယ်ထားသည်။"**
(သိန်းဖေမြင့်၊ ၁၉၄၅)

ဟူ၍ ဖော်ပြထားပါသည်။ ထိုဇာတ်ညွှန်းစကားအရ ဒေသနောက်ခံဝန်းကျင်အဖြစ် အထက်အညာဒေသ မန္တလေးမြို့ရှိ ခရိုင်ရွာကလေး တစ်ရွာမှ တဲအိမ်ကလေး တစ်လုံးကို ဖော်ပြထားခြင်းသည် ပရိသတ်၏စိတ်တွင် ဇာတ်လမ်းဖြစ်ပျက်ရာ ဒေသနောက်ခံကို မြင်ယောင်လာစေပါသည်။

ဖက်ဆစ်ဂျပန်များ အုပ်ချုပ်စဉ်ကာလ မြန်မာပြည်သူလူထု၏ စားဝတ်နေရေး ကြပ်တည်းရသော ခေတ်ကာလ အခြေအနေကို ဇာတ်ဆောင်တို့၏ သွင်ပြင်အမူအရာနှင့် ပြဇာတ်ဆရာက ဇာတ်ညွှန်းစကားတွင်–

**"အမယ်ကြီးတစ်ယောက် ထိုင်လျက် အင်္ကျီစုတ်ကိုဖာနေသည်။ ဦးပဉ္ဇင်းတစ်ပါးသည်ထိုင်လျက် လက်ဖက်ရည်ကြမ်းသောက်ရင်း ပဲပြုတ်ကို ဘုန်းပေးလျက်၊ အမယ်ကြီးကား ထဘီရင်ရှားပြီး ဂုံနီအိတ်ကိုဖြတ်၍ ခြုံထားသည်။ အဘိုးကြီးကား ချေးအထပ်ထပ်နှင့် တင်းတိမ်စောင်ကြီးကို ခြုံထားသည်။"** (သိန်းဖေမြင့်၊ ၁၉၄၅)

ဟူ၍ ဖော်ပြထားသည။ ထိုဇာတ်ညွှန်းစကားအရ ဇာတ်ဆောင်တို့သည် ဆောင်းတွင်းကာလ အအေးဒဏ်ခံနိုင်ရန် ဂုံနီအိတ်ကိုဖြတ်ခြုံ ထားရပုံ၊ ချေးအထပ်ထပ်တင်းတမ်စောင်ကို ခြုံထားရပုံ၊ ဆီမပါသော ပဲပြုတ်ကို ဦးပဉ္ဇင်းတစ်ပါး ဘုန်းပေးနေရပုံတို့မှာ ထိုခေတ်ကာလ၏ အခြေအနေကို ဖော်ကျူးပြနေခြင်းပင် ဖြစ်ပါသည။

ထို့ကြောင့် ကာလဒေသနောက်ခံ ဇာတ်ညွှန်းစကားများသည် ဇာတ်လမ်းကို ယုတ္တိရှိလာစေရန်နှင့် ဇာတ်ဆောင်တို့၏ သွင်ပြင်အမူအရာများကို ရုပ်လုံးကြွလာစေရန် များစွာအထောက်အကူပြုနိုင်သည်ဟု ဆိုရပါမည်။

## ခြုံငုံသုံးသပ်ချက်

"ခေတ်သစ်ဆန်းပြီ"ပြဇာတ်လာ ဇာတ်ညွှန်းစကားများသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဝန်းကျင်တို့ကို ကောင်းစွာ အထောက်အကူပြုနိုင်ကြောင်း တွေ့ရသည်။ ရှေ့ဖြစ်လာမည့် ဇာတ်လမ်းအကြောင်းအရာကို ဇာတ်ညွှန်းစကားတွင် ထည့်သွင်းဖော်ပြခြင်းဖြင့် ပရိသတ်၏ စိတ်ကိုမချင့်မရဲဖြစ်စေနိုင်သည်။ ဇာတ်လမ်းကိုလည်း ရှေ့သို့ရွေ့လျားစေနိုင်ပါမည်။

ပြဇာတ်ပါ ဇာတ်ဆောင် အထောက်အကူပြု ဇာတ်ညွှန်းစကားများသည် ခေတ်ကာလ အခြေအနေနှင့်

လိုက်ဖက်သည့် ဇာတ်ဆောင်တို့၏ သွင်ပြင်မှုရာများ၊ စိတ်ခံစားချက်များ၊ ရင်တွင်းခံစားချက်များကို ဖော်ကျူးတင်ပြနိုင်ပါသည်။

ပြဇာတ်၏ ကာလဒေသနောက်ခံဝန်းကျင် အဖွဲ့များကို ဇာတ်ညွှန်းစကားများဖြင့်လည်း ပြဇာတ်ရေးသူက ပုံဖော်တင်ပြပါသည်။ ဖက်ဆစ်ဂျပန်ခေတ်ကာလ အခြေအနေနှင့် ကိုက်ညီစေသည့် ဇာတ်လမ်းနောက်ခံ၊ ဇာတ်ဆောင်နှင့်လိုက်ဖက် ညီစေသည့် နောက်ခံတို့ကို ကာလဒေသနောက်ခံ ဇာတ်ညွှန်းစကားများတွင် အသေးစိတ်ရေးဖွဲ့ထား၍ ဇာတ်လမ်းဇာတ်ကွက်ကို သက်ဝင်လှုပ်ရှားစေပါသည်။

ပြဇာတ်တွင် အချီအချ ပြောစကားများကသာ ဇာတ်လမ်းကို ပြီးပြည့်စုံစေသည်သာမက ဇာတ်ညွှန်းစကားများကလည်း ပြဇာတ်ကို အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့် ဇာတ်ညွှန်းစကားများသည် ပြဇာတ်တစ်ပုဒ်တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

ပြဇာတ်စာပေသည် ခေတ်အဆက်ဆက် မြန်မာစာပေသမိုင်းတွင် စာပေမှတ်တိုင်တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။ ရှေးပြဇာတ်မှ ခေတ်ပြဇာတ်အထိ ပြဇာတ်အခြေတည်ရာ ခေတ်တစ်ခေတ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေးစသည့် အကြောင်းအရာများကို ကောင်းစွာမီးမောင်း ထိုးပြနိုင်ခဲ့ပါသည်။ ဤသို့ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့သော ပြဇာတ်စာပေ၏ အခန်းကဏ္ဍသည် ယခုအခါတွင် မှေးမှိန်လျက်ရှိသည်ကို ပြန်လည်လင်းလက်လာစေရန် ကြိုးစားအားထုတ်သင့်ပါသည်။

## ကျမ်းကိုးစာရင်း


ဘုန်း၊ ဆရာ။ (၂၀၁၀)။ ***လွတ်လပ်ရေးကျောက်တိုင်ကို သက်သေတည်တစ်ခန်းရပ်ပြဇာတ်နှင့်အခြားပြဇာတ်များ***။ ရန်ကုန်၊ ပြည်ဦးဖေပုံနှိပ်တိုက်။ (စာ–၁၇)

မလိခ။ (၂၀၀၈)။ ***ပြဇာတ်အညွှန်း***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။ (စာ–၅၅)

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန။ (စာ–၁၃၁)

သိန်းဖေမြင့်။ (၁၉၄၅)။ ***ခေတ်သစ်ဆန်းပြီ***။ ရန်ကုန်၊ အောင်–ဖြန့်ချီရေးဌာန။ (စာ–၄၊ ၅၊ ၆၊ ၇၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၆၁၊ ၆၂၊ ၆၈၊ ၇၄၊ ၇၈)

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၀)။ ***ပြဇာတ်သဘောတရား၊ ပြဇာတ်အတတ်ပညာ***။ ရန်ကုန်၊ စွယ်တော်ပုံနှိပ်တိုက်။ (စာ–၆၀၊ ၆၉)